# MAI NEWSLETTER

## ကောမက်၏ ပထမဆုံး အောင်မြင်မှုခြေလှမ်း

မြန်မာ့သြဘာလုပ်ငန်းစု၏ Fertilizer လုပ်ငန်းတစ်ခု ဖြစ်သည့် “ကောမက်ဓာတ်မြေသြဇာ”ရဲ့ ပထမဆုံး အောင်မြင်မှုခြေလှမ်း ကို ဂုဏ်ပြုသော အနေဖြင့် “VERDE GALA” ပွဲအခမ်းအနားကို Novotel Hotel တွင် ဇူလိုင်လ (၁) ရက် နေ့က ကျင်းပပြုလုပ်ခဲ့ပါတယ်။

ကောမက်မိသားစုနှင့်အတူလက်တွဲကာကြိုးစားခဲ့ကြသော အနယ်နယ်အရပ်ရပ်မှ ကိုယ်စားလှယ်တော်ကြီးများကို ဂုဏ်ပြု ညစာစားပွဲဖြင့်ဂုဏ်ပြုရင်း ရောင်းအားအကောင်းဆုံးသော ကိုယ်စားလှယ်တော်ကြီးများကိုလည်း အမှတ်တရဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ခဲ့ပါတယ်။

မြန်မာ့စိုက်ပျိုးရေးကဏ္ဍတွင် ယနေ့ အထိ အောင်မြင်မှုနှင့်အတူ ရေရှည်ရပ်တည်နိုင်ဖို့အတွက် "ကောမက်"အမှတ်တံဆိပ်စတင်ခဲ့သည့် ၂၀၁၅ ခုနှစ်တည်းက လက်တွဲခဲ့ကြသော ကိုယ်စားလှယ်များ၏ ယုံကြည်မှု၊ ပူးပေါင်းကြိုးပမ်းမှုများ အတွက် မြန်မာ့ သြဘာနှင့် ကောမက် မိသားစုများမှ အထူးပင် ကျေးဇူးတင်ရှိကြောင်း ရေးသားဖော်ပြအပ်ပါတယ်။

ဗီဒီယိုကြည့်ရှုရန် Link ကိုနှိပ်ပါ။






